## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၁/ ၂၀၂၀ )

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၀) အား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း (၄)ခု၊ အတည်ပြုလုပ်ငန်း (၁၇)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၄)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁၄)ခု၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု နှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု နှင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပါသည်။ ယခု အစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၂၁) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၃၁၀.၄၅၁) သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁၀,၁၀၂)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း (၂၁)ခုမှာ လျှပ်စစ်ကဏ္ဍမှ(၁)ခု၊ အိမ်ရာအဆောက်အဦကဏ္ဍမှ (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍမှ (၁)ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍမှ (၁)ခု နှင့် စက်မှုကဏ္ဍမှ (၁၇)ခု ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇန်နဝါရီလ (၁၀) ရက်နေ့ အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၇၇)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၃၉၇.၃၈၀) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁,၄၇၀.၈၀၀) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇန်နဝါရီလ (၁၀) ရက်နေ့ အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇၆.၁၄၀) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇန်နဝါရီလ (၁၀) ရက်နေ့အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၅၄၆.၉၄) သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၁)ခု၊ အတည်ပြုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၁)ခုနှင့် အတည်ပြုလုပ်ငန်း (၂)ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၅.၁၁၆) သန်း အပါအဝင် ကျပ် (၆၇,၀၉၂.၈၀၀)သန်း ဖြစ်ပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၀၁၉)ဦး ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း (၅)ခုမှာ စက်မှုကဏ္ဍမှ (၂)ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍမှ (၁)ခု၊ လယ်ယာကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၁)ခုဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇန်နဝါရီလ (၁၀) ရက်နေ့ အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃၁)ခု၊ အမေရိကန်ဒေါ်လာ (၁၀၇.၄၇၆)သန်း အပါအဝင် ကျပ် (၆၁၆,၂၃၇.၉၈၀)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁၂၈.၄၀၀) သန်းအပါ အဝင် ကျပ် (၇၁၆,၄၅၁.၂၈၄) သန်း ဖြစ်ပါသည်။